## ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ကိုယ်စားလှယ် မြန်မာနိုင်ငံမှ ထွက်ခွာရတော့မည်
၃ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် ကိုယ်စားလှယ် မစ္စတာချားလ်စ်ပက်ထရီ (Mr Charles Petrie) ဟာ ဒီသီတင်းပတ်အတွင်း မြန်မာနိုင်ငံကနေ ထွက်ခွာမှာဖြစ်ပါတယ်။ မစ္စတာချားလ်စ်ပက်ထရီရဲ့ တာဝန်ထမ်းဆောင်မှု ကုလသမဂ္ဂက သက်တမ်းတိုးတာကို စစ်အစိုးရဘက်က အသိအမှတ်ပြုဖို့ ငြင်းဆိုလိုက်ပြီးတဲ့နောက် မနက်ဖြန် အင်္ဂါနေ့မှာ မြန်မာနိုင်ငံကနေ မစ္စတာချားလ်စ်ပက်ထရီ ထွက်ခွာမှာဖြစ်ပါတယ်။

ဒီလစောစောပိုင်းကပဲ မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုအခြေအနေ ဆုတ်ယုတ်လာတာတွေနဲ့ စက်တင်ဘာလအတွင်း သံဃာနဲ့လူထု လှုပ်ရှားမှုတွေကို လုံခြုံရေးတပ်ဖွဲ့တွေက အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ အခြေအနေတွေကို မစ္စတာချားလ်စ်ပက်ထရီက ဝေဖန်ခဲ့ပါတယ်။ ဒီဝေဖန်ချက်ထွက်လာပြီးတဲ့နောက်မှာ သူ့ကို စစ်အစိုးရက တိုင်းပြည်ကနေနှင်ထုတ်ဖို့ ပြင်ဆင်တာဖြစ်တဲ့အကြောင်း သံတမန်သတင်းရပ်ကွက်က ပြောဆိုပါတယ်။

မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ ဆန္ဒပြပွဲတွေကို စစ်အစိုးရဘက်က အကြမ်းဖက်နှိမ်နင်းခဲ့ပြီးတဲ့နောက် လူတွေထောင်နဲ့ချီ ဖမ်းဆီးခံခဲ့ရပါတယ်။ ကုလသမဂ္ဂကတော့ မြန်မာနိုင်ငံမှာ အတိုက်အခံတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ စစ်အစိုးရ ခေါင်းဆောင်တွေကို တိုက်တွန်းနေပါတယ်။